
Akkhara Team
ဂိမ်းကစားရှင်
ကျင့်ကြံမယ်
တာစဉ်-၆

# ဂိမ်းကစားရင်း ကျင့်ကြံမယ်
# အခန်း ၅၁
# လျင်မြန်ပြတ်သားသော လုပ်ရပ်များ
*

လုမင်ဖန်း၏ စကားများကို ကြားပြီးနောက် လီထျန်းနှင့် ကျန်းယွီဟယ်တို့ နှစ်ဦးစလုံး နက်ရှိုင်းသော အတွေးထဲသို့ နစ်ဝင်သွားကြသည်။ တာအိုသန့်စင်ဂိုဏ်း၏ ဂိုဏ်းတူအစ်ကိုကြီးဖြစ်သော လီထျန်းပင်လျှင် ဂိုဏ်း၏ မူလ

အစကို ယခုမှ ပထမဆုံးအကြိမ် သိရှိရခြင်း ဖြစ်သည်။ မသေမျိုးကမ္ဘာတွင် အထက်ဂိုဏ်း ကြီးတစ်ခု ရှိနေခဲ့သော်လည်း မကြာသေးမီက မ မျှော်လင့်ထားသော ကိစ္စတစ်ခုခု ကြုံတွေ့ခဲ့ရပြီး ဆက်သွယ်၍ မရတော့ခြင်း ဖြစ်သည်။

သူတို့နှစ်ဦး တိတ်ဆိတ်နေသည်ကို မြင် သောအခါ လုမင်ဖန်းက ပြုံးလျက် ပြောလာ သည်။

"မင်းတို့ သိပ်ပြီး စိုးရိမ်နေစရာ မလိုပါဘူး။ ဆက်သွယ်ရေး အစီအရင်မှာ ပြဿနာနည်း နည်း ရှိသွားတာ ဖြစ်ရမယ်။ မသေမျိုးကမ္ဘာက အထက်ဂိုဏ်းက အဲဒီအစီအရင်ကို ပြင်ဆင်ပြီး သွားတာနဲ့ ပြန်ဆက်သွယ်လို့ ရသွားမှာပါ"

ထိုသို့ပြောပြီးနောက် လုမင်ဖန်းက သူတို့နှစ်ဦး အား ခွန်အားပေးစကား ဆိုလိုက်သည်။

"မင်းတို့နှစ်ယောက်စလုံးက နှစ်သန်းထောင်ချီ

ကြာမှ တစ်ခါပေါ်တတ်တဲ့ ကျင့်ကြံခြင်း ပါရမီရှင်တွေပဲ။ မင်းတို့ရဲ့ ပါရမီနဲ့ဆိုရင် တစ်နေ့ကျကောင်းကင်ဘုံ မဟာဘေးဒဏ်ကို ကျော်ဖြတ်ပြီး မသေမျိုးကမ္ဘာဆီ အရောက်လှမ်းနိုင်မှာ အသေအချာပါပဲ"

လီထျန်း၏ အကြည့်များက ခိုင်မာပြတ်သားသွားပြီး အံတင်းတင်းကြိတ်ကာ လက်သီးကို ဆုပ်လိုက်သည်။ ကျန်းယွီဟယ်ကမူ တည်ငြိမ်နေဆဲဖြစ်သည်။ ဘေးဒဏ်များကို ကျော်ဖြတ်ပြီး ထာဝရအသက်ရှင်ရန်အတွက် သူ စိုးရိမ်မနေခဲ့ပေ။ အကယ်၍ ထိုမျှ ထူးကဲသော ပါရမီနှင့် စွမ်းရည်ရှိသူတစ်ယောက်ကမှ မဟာယာနအဆင့်သို့ ရောက်အောင် မကျင့်ကြံနိုင်ဘဲ မဟာဘေးဒဏ်ကို မကျော်ဖြတ်နိုင်ဘူးဆိုလျှင် အခြားသူများအတွက်ဆိုလျှင် ပို၍ပင် မဖြစ်နိုင်တော့ပေ။ ထို့အပြင် တာအိုသန့်စင်ဂိုဏ်းတွင် မသေမျိုးအဖြစ်

သို့ ကောင်းကင်တက်လှမ်းသွားသည့် ကျင့်ကြံသူများ၏ သာဓကများ ရှိထားပြီးဖြစ်ရာ သူလည်း အမှန်ပင် လုပ်နိုင်မည်ဖြစ်သည်။

"ဒီစကားကို ဘယ်လိုပြောရမလဲ။"

"တခြားသူတွေ လုပ်နိုင်ရင် ငါလည်း သေချာပေါက် လုပ်နိုင်ရမယ်..."

ထိုစကားက ကျန်းယွီဟယ်အတွက် ကွက်တိပင်ဖြစ်သည်။ နာရီဝက်ခန့် ကြာပြီးနောက် ကောင်းကင်ယံရှိ ဝဲကတော့ကြီးက တဖြည်းဖြည်း ပိတ်ကျလာသည်။ ထိုအချိန်အတွင်း နတ်ဆိုးများ ဝင်ရောက်လာမှုက ရပ်တန့်မသွားခဲ့ပေ။ ကျန်းယွီဟယ်မှာ ဓားအစီအရင်ကို ထိန်းချုပ်နေရလွန်းသဖြင့် လုံးဝကို အင်အားကုန်ခမ်းနေလေပြီဖြစ်သည်။

လမ်းကြောင်းကြီး အပြီးတိုင် ပိတ်သွားသည်ကို မြင်လိုက်ရမှသာ သူ အသက်ကို ပြင်းပြင်းတစ်

ချက် ရှူလိုက်နိုင်သည်။

ခဏအကြာတွင် ဝဲကတော့ကြီး လုံးဝပျောက်ကွယ်သွားပြီး ကောင်းကင်ကြီးမှာ ပြန်လည်ကြည်လင်သွားသည်။ ကျင်းခုန်းမြို့တော်ကို ဖုံးလွှမ်းနေသော နတ်ဆိုးစွမ်းအင်များလည်း အလျင်အမြန် လွင့်စင်သွားလေသည်။

"ကောင်းပြီ… အားလုံး ပြီးသွားပြီ။ အခု ပြန်ကြစို့"

လုမင်ဖန်းက စကားပြောပြီးသည်နှင့် ရုတ်တရက် လက်ကိုဆန့်ထုတ်ကာ ကျင်းခုန်းမြို့တော်တည်ရှိရာ နေရာဆီသို့ အောက်စိုက်၍ ရိုက်ချလိုက်သည်။

ဘုန်း…

လက်ဝါးရိုက်ချက် ကျဆင်းသွားသည်နှင့်အမျှ ဖုန်တောကြီးက လေပေါ်သို့ လုံးထွေးမြောက်တက်လာသည်။ အချိန်တိုအတွင်း မီးခိုးနှင့်

ဖုန်မှုန့်များ တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။ ကျန်းယွီဟယ် အောက်သို့ ငုံ့ကြည့်လိုက်သောအခါ ကျင်းခုန်းမြို့တော်ကြီး လုံးဝပျောက်ကွယ်သွားသည်ကို မြင်လိုက်ရသည်။

ထိုနေရာတွင် မြို့တော်၏ အရိပ်အယောင်ပင် မကျန်ရစ်တော့ဘဲ အောက်ခြေမမြင်ရလောက်အောင် နက်ရှိုင်းသော လက်ဝါးရာပုံစံ ဧရာမမြေကျင်းကြီးတစ်ခုသာ ကျန်ရစ်ခဲ့သည်။ မြေကျင်းကြီး၏ အောက်ခြေမှ ရေပန်းများပင် ပန်းထွက်လာကြသည်။

"ဟိုက်ရှားဘား... ဒီအကြီးအကဲလုက အားကောင်းလွန်းတယ်"

ကျန်းယွီဟယ်က အံ့ဩတကြီးဖြင့် နှုတ်ခမ်းသပ်လိုက်မိသည်။ ထိုအရာက တာအိုသန့်စင်ဂိုဏ်း အကြီးအကဲများ၏ စွမ်းအားပင်ဖြစ်သည်။ အမှန်ပင် ကြောက်မခန်းလိလိပင်။ ခုနက ဦးချို

နှင့်နတ်ဆိုးဆိုလျှင် ထိုလက်ဝါးရိုက်ချက်တစ်ချက်ကိုပင် ခံနိုင်မည် မဟုတ်ပေ။ လက်ဝါးရိုက်ချက် ထုတ်ဖော်ပြီးနောက် လုမင်ဖန်းက တည်ငြိမ်အေးဆေးသော မျက်နှာထားဖြင့် ပြောလိုက်သည်။

"မင်း ပြန်ရောက်သွားရင် ဒီကိစ္စမှာ ပါဝင်ပတ်သက်နေတဲ့ အင်အားစုအားလုံးကို သေချာစုံစမ်းခိုင်းလိုက်။ ဘယ်သူပဲ ပါဝင်နေပါစေ သူတို့ရဲ့ မိသားစုတစ်ဆွေမျိုးလုံးကို မျိုးဖြုတ်သတ်ပစ်လိုက်"

"ဟုတ်ကဲ့ပါ"

ကျန်းယွီဟယ်၏ ကျောရိုးတစ်လျှောက် စိမ့်တက်သွားပြီး ရိုသေလေးစားစွာ ပြန်ဖြေလိုက်သည်။

စကားပြောဆိုပြီးနောက် လုမင်ဖန်းနှင့် လီထျန်းတို့က အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ

အဝေးသို့ ပျောက်ကွယ်သွားကြသည်။ သူတို့အနေဖြင့် ပို့ဆောင်ရေးအစီအရင်ကို အသုံးပြုရန် ယွမ်ကျုံးမြို့ရှိရာသို့ သွားရန်မလိုပေ။ ထိုနေရာသည် ယွမ်ကျုံးစီရင်စု၏ အစွန်အဖျားတွင်တည်ရှိသဖြင့် အနီးအနားရှိ ကောင်းကင်လက်မှုနန်းတော်မှတစ်ဆင့် ပြည်နယ်မြို့တော်ဆီသို့ ပို့ဆောင်ရေးစနစ်ဖြင့် အလွယ်တကူ ပြန်သွားနိုင်ပေသည်။

လုမင်ဖန်းနှင့် လီထျန်းတို့က နောက်ဆက်တွဲကိစ္စများတွင် ပါဝင်ပတ်သက်မည်မဟုတ်ကြောင်း ထင်ရှားလှသည်။ ထိုအရာက ဤဒေသ၏ နယ်မြေစောင့်တပ်မှူးတစ်ယောက်အနေဖြင့် သူ၏ တာဝန်သာဖြစ်သည်။ ထိုနှစ်ဦးထွက်ခွာသွားသည်ကို ကြည့်ပြီးနောက် ကျန်းယွီဟယ်လည်း ထပ်မံ အချိန်ဆွဲမနေတော့ဘဲ အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ ယွမ်

ကျုံးမြို့ဆီသို့ ပျံသန်းသွားလေသည်။

ယွီဖန်ကောင်းကင်ဘုံ၏ လူသူကင်းမဲ့သော နေရာတစ်ခုတွင်… မင်ယွဲ့ဖေးနှင့် တစ်ပုံစံတည်း တူသော အမျိုးသမီးတစ်ဦးက ကျင့်ကြံခြင်း စင်မြင့်တစ်ခုပေါ်တွင် တိတ်ဆိတ်စွာ ထိုင်နေသည်။ သူမ၏မျက်နှာက သွေးဆုတ်နေသကဲ့သို့ ဖြူလျော့နေပြီး မိမိကိုယ်ကိုယ် ရေရွတ်လိုက်သည်။

"ဒီတစ်ခါလည်း ငါတို့ ကျရှုံးသွားပြန်ပြီ။ ကိုယ်ပွားတစ်ခုတောင် ဆုံးရှုံးလိုက်ရတယ်။ နောက်ဆိုရင် ငါတို့ရဲ့ လှုပ်ရှားမှုတွေမှာ ပိုပြီး သတိထားမှ ဖြစ်တော့မယ်"

စကားဆုံးသည်နှင့် သူမက မျက်လုံးများကိုမှိတ်ကာ တိတ်ဆိတ်စွာပင် ဆက်လက်ကျင့်ကြံနေလေသည်။

ကျန်းယွီဟယ်က ကောင်းကင်ဘုံ နတ်ဘုရား

ပုံသန်းခြင်း ကျင့်စဉ်၏ စွမ်းအားအပြည့်ကို ထုတ်ဖော်ကာ လျင်မြန်စွာ ပုံသန်းလာခဲ့သည်။ နာရီဝက်ခန့် အကြာတွင် သူသည် အလင်းတန်း တစ်ခုအဖြစ် ယွမ်ကျုံးမြို့တော်အတွင်းသို့ ဝင်ရောက်လာသည်။ မြို့ထဲသို့ ဝင်ဝင်ချင်းပင် ကျန်းယွီဟယ်က သူ၏ အမှတ်အသား ကျောက်စိမ်းပြားကို ထုတ်ယူကာ လေထဲသို့ ပစ်တင်လိုက်သည်။

တစ်ချိန်တည်းမှာပင် သူက လက်သင်္ကေတများကို ပြုလုပ်လိုက်ရာ ကျောက်စိမ်းပြားသည် အလွန်တောက်ပသော အလင်းရောင်များ ထွက်ပေါ်လာကာ လျင်မြန်စွာ ကြီးမားလာသည်။ လေထဲတွင် ယွမ်ကျုံးစီရင်စု အုပ်ချုပ်ရေးမှူးဟူသော ရွှေရောင်စာလုံးကြီး ခြောက်လုံးတွဲလောင်းကျနေသည်။ စာလုံးများက ကောင်းကင်ထက်တွင် တောက်ပစွာ လင်းလက်

နေပြီး မြို့တစ်မြို့လုံးရှိ လူတိုင်း ရှင်းလင်းစွာ မြင်တွေ့နိုင်ပေသည်။

ထို့အပြင် မြို့တော်၏ အပြင်ဘက် ပတ်လည်မှ အပြာရောင် အလင်းကန့်လန့်ကာကြီးတစ်ခု ဖြည်းညှင်းစွာ ထွက်ပေါ်လာပြီး မြို့တစ်မြို့လုံးကို အပြည့်အဝ ဖုံးအုပ်သွားလေသည်။ ထိုသည်မှာ ယွမ်ကျုံးမြို့တော်၏ ကာကွယ်ရေး အစီအရင်ပင် ဖြစ်သည်။ အစီအရင် ပွင့်သွားသည်နှင့် အတွင်းနှင့်အပြင်ကို လုံးဝ အဆက်အသွယ် ဖြတ်တောက်လိုက်နိုင်သည်။ ထိုအချိန်တွင် ကျန်းယွီဟယ်က မြို့တော်၏ အစီအရင်အားလုံးကို ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။

ထိုမျှကြီးမားသော ပြောင်းလဲမှုကြီးကို မြင်လိုက်ရသောအခါ မြို့ထဲရှိ ကျင့်ကြံသူများသည် လမ်းပေါ်သို့ အလျင်အမြန် ထွက်လာကြသည်။ သူတို့က လေထဲတွင် ရပ်တန့်နေသော ကျန်းယွီ

ဟယ်အား ကြည့်ကာ မည်သည့် ကြီးမားသော ကိစ္စ ဖြစ်ပွားနေသနည်းဟု တွေးတောနေကြသည်။

"မြို့တော် ကာကွယ်ရေး အစီအရင်တွေက ဘာလို့ ရုတ်တရက် ပွင့်လာရတာလဲ။ သားရဲနတ်ဆိုးတွေ မြို့ကို လာတိုက်လို့များလား"

"ငါလည်း မသိဘူး။ မဖြစ်နိုင်ပါဘူး။ ခုနက ဘာသံမှတောင် မကြားရပါဘူး"

"အဲဒီလူက ဘယ်သူလဲ။ အရမ်းငယ်သေးတဲ့ပုံပဲ။ သူက ဘာလို့ မြို့ပေါ်မှာ ပျံသန်းနေနိုင်ရတာလဲ"

"မင်း မျက်လုံးကန်းနေတာလား။ အဲဒါ အသစ်ခန့်လိုက်တဲ့ နယ်မြေစောင့်တပ်မှူးလေကွာ"

ကျန်းယွီဟယ်၏ အကြည့်များက မြို့တစ်မြို့လုံးကို လှည့်လည်ကြည့်ရှုလိုက်ပြီးနောက် လေထဲတွင် ရပ်လျက် ကျယ်လောင်စွာ ကြေညာလိုက်

သည်။

"လေသတင်းမျှော်စင်ဟာ ယွမ်ကျုံးမြို့တော်မှာရှိတဲ့ နတ်ဆိုးဘုရင်ဂိုဏ်းရဲ့ လျှို့ဝှက်စခန်းတစ်ခုဖြစ်ကြောင်း အခု အတည်ပြုနိုင်ခဲ့ပြီ။ ဒါ့အပြင် ဟယ်မိသားစုနဲ့ လီမိသားစုဟာ ကောင်းကင်ဘုံရဲ့ အလိုကို ဆန့်ကျင်ပြီး နတ်ဆိုးဘုရင်ဂိုဏ်းနဲ့ ပူးပေါင်းကြံစည်နေကြတယ်"

"တာအိုသန့်စင်ဂိုဏ်းရဲ့ အမိန့်အရ ဒီကိစ္စမှာ ပါဝင်ပတ်သက်သူအားလုံးကို သူတို့ရဲ့ ဆွေမျိုးတစ်သိုက်လုံးနဲ့အတူ မျိုးဖြုတ်သတ်ပစ်ရမယ်"

ရွှစ်...ရွှစ်...ရွှစ်။

စကားဆုံးသည်နှင့် သူ၏ ပျံသန်းနေသော ဓားကိုးလက်သည် ဟယ်မိသားစု စံအိမ်တော်ဆီသို့ လျင်မြန်စွာ ထိုးဆင်းသွားသည်။ ပျံသန်းနေသော ဓားများက လျင်မြန်စွာ စုစည်းချိတ်ဆက်သွားပြီး ကြီးမားသော အစီအရင်တစ်ခုအဖြစ်

ဖန်တီးကာ အဆုံးမဲ့ ဓားစွမ်းအင်များကို ချက်ချင်းပင် ဖန်တီးထုတ်လွှတ်လိုက်လေသည်။

"နယ်မြေစောင့်တပ်မှူးသခင်... ကျွန်တော်တို့က အပြစ်ကင်းပါတယ်။ ကျွန်တော်က ဟယ်မိသားစုရဲ့ အစေခံတစ်ယောက်သာဖြစ်ပြီး သူတို့ နတ်ဆိုးဘုရင်ဂိုဏ်းနဲ့ ပူးပေါင်းနေတာကို လုံးဝ မသိခဲ့ရပါဘူး"

"သခင်... ကျွန်တော်လည်း ဒီအကြောင်း ဘာမှ မသိပါဘူး။ ကျေးဇူးပြုပြီး သေချာ စုံစမ်းပေးပါ"

ဓားအလင်းရောင်များက သူတို့အပေါ် ဖုံးလွှမ်းလာသည်ကို မြင်သောအခါ ရေတွက်၍မရနိုင်သော ဟယ်မိသားစု ကျင့်ကြံသူများက ငိုယိုကာ အသနားခံကြလေသည်။ သို့သော် ကျန်းယွီဟယ်က ထိုအရာအားလုံးကို လုံးဝ လျစ်လျူရှုထားလိုက်သည်။ ယခုမှ အသနားခံနေရန် အချိန်နှောင်းသွားပြီဖြစ်သည်။

ဒီလူတွေ သိသည်ဖြစ်စေ မသိသည်ဖြစ်စေ… သူတို့က ဟယ်မိသားစု ယူဆောင်လာပေးသော အကျိုးအမြတ်များကို ခံစားခဲ့ကြပြီးပြီဖြစ်ရာ သဘာဝကျကျပင် ဟယ်မိသားစု ယူဆောင်လာသော အကျိုးဆက်များကိုလည်း ခံစားရမည်သာ ဖြစ်သည်။

ဖျောက်။

ကျန်းယွီဟယ်က လက်သင်္ကေတတစ်ခု ပြုလုပ်လိုက်သည်နှင့် ဓားအလင်းရောင်များက ဟယ်မိသားစု စံအိမ်တော်အနှံ့ လျင်မြန်စွာ တိုက်ခတ်သွားလေသည်။ စံအိမ်တော်အတွင်းရှိ အဆောက်အအုံများက ချက်ချင်းပင် ဖုန်မှုန့်အဖြစ် ပြောင်းလဲသွားပြီး အတွင်းရှိ ဟယ်မိသားစု ကျင့်ကြံသူများမှာလည်း ဓားအလင်းဖြင့် လှည်းကျင်းခံလိုက်ရကာ ပြာအဖြစ် ပြောင်းလဲသွားကြသည်။

ယွမ်ကျုံးမြို့တွင် ကျန်ရစ်နေခဲ့သော ဟယ်မိသားစု ကျင့်ကြံသူအများစုမှာ သိပ်၍ မစွမ်းလှပေ။ သူတို့ထဲတွင် နတ်ဘုရားသန္ဓေအဆင့် ကျင့်ကြံသူ တစ်ယောက်သာ ရှိသည်။ ဟယ်မိသားစု၏ အဆင့်မြင့်ကျင့်ကြံသူ အားလုံးက ကျင်းခုန်းမြို့တော်တွင် စုဝေးခဲ့ကြပြီးဖြစ်ရာ သေချာပေါက် သူတို့အားလုံး သေဆုံးသွားခဲ့ပြီဖြစ်သည်။ ဟယ်မိသားစုကို ဖျက်ဆီးပြီးနောက် ကျန်းယွီဟယ်က လီမိသားစုကိုလည်း ထိုနည်းအတိုင်း လိုက်လံ မျိုးဖြုတ်ပစ်လိုက်သည်။

လေသတင်းမျှော်စင်ကိုမူ စောစောက သူ လှမ်းကြည့်လိုက်စဉ်က ထိုနေရာတွင် မည်သူမှ မရှိတော့ပေ။ လောလောဆယ် ထိုအတိုင်းသာ ထားလိုက်ပြီး နောက်မှ နယ်မြေစောင့်တပ်ရုံးတော်မှ တခြားလူများကို စုံစမ်းခိုင်းရမည်။ နှစ်သောင်းချီကြာ ယွမ်ကျုံးစီရင်စုကို လွှမ်းမိုးခြယ်လှယ်လာခဲ့

သော ဟယ်မိသားစုနှင့် လီမိသားစုအား ကျန်းယွီ ဟယ်က လျင်မြန်ပြတ်သားသော လုပ်ရပ်များဖြင့် မျိုးဖြုတ်သတ်ပစ်ခဲ့သည်ကို မြင်လိုက်ရသောအခါ မြို့တစ်မြို့လုံး သေမတတ် တိတ်ဆိတ်သွားသည်။ ကျင့်ကြံသူများအားလုံး ထိတ်လန့်သွားကြပြီး စကားတစ်ခွန်းမျှပင် မဟရဲကြတော့ပေ။

ကျန်းယွီဟယ်၏ အကြည့်များက မြို့တစ်မြို့လုံးကို ထပ်မံ လှည့်လည်ကြည့်ရှုလိုက်သည်။ မြို့ထဲတွင် ဟယ်နှင့် လီ မိသားစုမှ ကျင့်ကြံသူများ သေချာပေါက် ကျန်ရှိနေသေးသလို ယွမ်ကျုံးမြို့အပြင်ဘက်တွင်လည်း ပို၍ပင် ရှိနေဦးမည်ကို သူသိသည်။

မည်သို့ပင်ဆိုစေ ထိုမိသားစုကြီးနှစ်ခုက ယွမ်ကျုံးမြို့မှလွဲ၍ ထိုစီရင်စုတစ်ခုလုံးတွင် ဆယ်စုနှစ်ထောင်ချီ ခြေကုပ်ယူလာခဲ့ခြင်းဖြစ်သည်။ သူ

တို့က ပတ်ဝန်းကျင်ရှိ မြို့ငယ်လေး အမြောက်အမြားကိုလည်း ထိန်းချုပ်ထားကြသေးသည်။ သို့ရာတွင် နယ်မြေစောင့်တပ်မှူး တစ်ယောက်အနေဖြင့် ဤနောက်ဆက်တွဲကိစ္စများကို သူကိုယ်တိုင် လိုက်လံရှင်းလင်းနေရန် မလိုအပ်ပေ။

သူက ဒေသတစ်ခုလုံးကို အုပ်ချုပ်ရသော နယ်မြေစောင့်တပ်မှူးဖြစ်ပြီး ရုံးတော်မှ ရဲမှူး တစ်ယောက် မဟုတ်ပေ။ တစ်ယောက်ချင်းစီ လိုက်ရှာနေစရာ မလိုသလို ထိုသို့လုပ်ရန်လည်း သူ့ အင်အားမရှိပေ။

သူ့ စကားတစ်ခွန်း ဟလိုက်ရုံဖြင့် လူတွေက ထိုကိစ္စများကို အပြေးအလွှား လာရောက်လုပ်ဆောင်ပေးကြလိမ့်မည်သာ ဖြစ်သည်။ ကျန်းယွီဟယ်က လေထဲတွင် ရပ်လျက် ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

"ချန်းဝေကွမ်နဲ့ ဆန်းဖုန်ချန်း ဘယ်မှာလဲ"

လူရိပ်နှစ်ခုက ကျန်းယွိဟယ်အနီးသို့ အလျင်အမြန် ပြေးလာကြပြီး အနည်းငယ် တုန်ယင်နေသော အသံဖြင့် ပြန်ဖြေကြသည်။

"ချန်းဝေကွမ်က နယ်မြေစောင့်တပ်မှူးကို ဂါရဝပြုပါတယ်"

"ဆန်းဖုန်ချန်းက နယ်မြေစောင့်တပ်မှူးကို ဂါရဝပြုပါတယ်"

ကျန်းယွိဟယ်က သူတို့နှစ်ဦးအား အေးစက်စွာ ကြည့်လိုက်ပြီး ခံစားချက်မဲ့စွာ ပြောလိုက်သည်။

"လေသတင်းမျှော်စင်က နတ်ဆိုးဘုရင်ဂိုဏ်းရဲ့ လျှို့ဝှက်စခန်းတစ်ခုပဲ... ဟယ်မိသားစုနဲ့ လီမိသားစုက နတ်ဆိုးဘုရင်ဂိုဏ်းနဲ့ ပူးပေါင်းနေတာကို မင်းတို့ သိထားသလား"

ထိုစကားကို ကြားသောအခါ ထိုလူနှစ်ဦး၏ ခြေထောက်များ ပျော့ခွေသွားပြီး ဒူးထောက်ကျ

လုမတတ် ဖြစ်သွားကြသည်။ သူတို့က အလျှင်အမြန်ပင် ဝင်ပြောလိုက်သည်။

"နယ်မြေစောင့်တပ်မှူးကို သတင်းပို့ပါတယ်... ကျွန်တော်တို့က ဒီကိစ္စကို လုံးဝ မသိခဲ့ရပါဘူး"

ကျန်းယွီဟယ်၏ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များကို မျက်မြင်ကိုယ်တွေ့ ကြုံပြီး နောက် သူတို့ တကယ်ကို အကြောက်တရား ဝင်သွားခဲ့ပြီဖြစ်သည်။ အကယ်၍ သူတို့ကိုသာ နတ်ဆိုးဘုရင်ဂိုဏ်းနှင့် ပူးပေါင်းသူများဟု စွပ်စွဲလိုက်ပါက သူတို့လည်း ထိုအပြစ်ဒဏ်ကို ခံကြရမည်သာဖြစ်သည်။ သူတို့၏ မိသားစုများသည်လည်း ဟယ်မိသားစုနှင့် လီမိသားစု၏ ခြေရာကို နင်းရတော့မည်ဖြစ်ပြီး မိနစ်ပိုင်းအတွင်း သမိုင်းကြောင်း၏ မြစ်ရေပြင်ရှည်ထဲတွင် ထာဝရ ပျောက်ကွယ်သွားရပေလိမ့်မည်။

***